ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )**

**[တနလင်္ဂနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး

ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၁ (၈၄.၁၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကျန်းမာရေး။ ဦးဥာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမောင်သာခင်၊ ရခိုင်(၈)၊ လမ်းခရီးကြန့်ကြာမှု။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(၈) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ရှင်နများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ရှင်နများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာ ဆိုင်နှင့်အလုပ်ရှင်နန ဆိုပြီးတော့ အပိုင်း(၂)ပိုင်း ခွဲ

ထားတာ တွေ့ရပါတယ်။ ဒါကြောင့်ပထမအနေနဲ့ ကျွန်တော် ဆိုင်တွေနဲ့ပတ်သက်ပြီး အရင်တင်ပြပါမယ်။ အဲဒီတော့ ဆိုင်နဲ့ပတ်သက်တဲ့ ဥပဒေမှာလည်း ဒီမှာ ဒီဆိုင်မှာ ရှိတဲ့ အလုပ်သမားတွေရဲ့ အကျိုးစီးပွားကို အဓိကရည်ညွှန်းပြီး ရေးတာဖြစ်ပါတယ်။ အဓိကအားဖြင့် ဆိုင်တစ်ခုမှာ ဆိုင်ရှင်ရယ်၊ အလုပ်သမားရယ် ရှိပါတယ်။ အားနည်းတဲ့လူတွေက အလုပ်သမားတွေပါ။ အဲဒီတော့ ဒီအလုပ်သမားတွေ၊ ဒီအားနည်းတဲ့ အလုပ်သမားတွေ အကျိုးခံစားခွင့်တွေ မလျော့ဖို့အတွက် ဒီဥပဒေကိုရေးဆွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆိုင်တစ်ခုမှာ ဆိုင်ရှင်နဲ့အလုပ်သမားတွေပဲ ရှိတာလားဆိုတော့ မဟုတ်ပါဘူး။ ဒီဆိုင်ကို လာတဲ့ဖောက်သည်တွေ၊ Customer တွေအပြင် ဒီဆိုင်တည်ရှိရာ လမ်းပေါ်မှာရှိတဲ့ သွားလာနေတဲ့ သူတွေလည်းရှိပါတယ်။ ဒီ Customer ဖောက်သည်တွေနဲ့ ဒီဆိုင်ရှေ့ လမ်းပေါ်မှာ သွားလာနေတဲ့ လူတွေရဲ့အကျိုးစီးပွားကိုလည်း ထည့်သွင်းရေးဆွဲသင့်ပါကြောင်း ကျွန်တော် ဦးစွာတင်ပြလိုပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော် နမူနာတစ်ခုတင်ပြရလို့ရှိရင် တစ်နေ့ ကျွန်တော်သောက်နေကျ ကော်ဖီမှုန့်ကုန် သွားတဲ့အတွက် ဒီကော်ဖီမှုန့်ကို ကျွန်တော် ဝယ်ဖို့အတွက် Super Market တစ်ခုကို ကျွန်တော်ကားနဲ့ ထွက်ခဲ့ပါတယ်။ ဒီအခါမှာကျွန်တော် ကျွန်တော့်အိမ်နဲ့မလှမ်းမကမ်းမှာရှိတဲ့ Super Market Compound ထဲကို ကျွန်တော်ရောက်တဲ့အခါမှာ သူတို့သတ်မှတ်ထားတဲ့ Car Parking မှာ ကျွန်တော့်ကားကိုရပ်ပါတယ်။ ရပ်ပြီးတော့ ကျွန်တော်ဆင်းပြီးတော့ ဒီ Super Market ထဲကိုဝင်ပြီးတော့ ကျွန်တော်လိုတဲ့ပစ္စည်းကို ဝယ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော် ပြန်ထွက်လာ ပါတယ်။ ဒါပထမပါ။

ဒုတိယ ကျွန်တော်တင်ပြရမှာ တစ်နေ့ ကျွန်တော် လမ်းမတန်းတစ်ခုမှာ ကိုယ့်စိတ်ကူးနဲ့ ကိုယ် လမ်းလျှောက်နေတုန်းမှာပဲ ကျွန်တော် ဝုန်း ဆိုခလုတ်တိုက်မိပါတယ်။ ကျွန်တော်တိုက်မိတဲ့ ဟာကတော့ ဆိုင်ရှေ့မှာ ကျွန်တော်တို့ ဆိုင်တစ်ခုရဲ့ရှေ့မှာ ထုတ်ထားတဲ့ ကျွန်တော်တို့ ဈေးခုံကြီးပါပဲ။ ဒီ ဈေးခုံကြီးကို ကျွန်တော်တိုက်မိတာဖြစ်ပါတယ်။ ဒီအခါမှာ ဆိုင်ရှင်ကို ကျွန်တော်ကမေးပါတယ်။ ဘာကြောင့် ဈေးခုံကြီးကို ဒီလိုရှေ့ကိုထုတ်ထားတာလဲဆိုပြီးမေးတဲ့အခါမှာ ဆိုင်ရှင်ကဈေးရောင်းတယ်ဆိုတာ ဒီလိုသွားတဲ့လာတဲ့ လူတွေ ခလုတ်တိုက်မှ ဈေးရောင်းရတာ၊ အခု ခလုတ်တိုက်မိပြီဆိုတဲ့ အတွက် ဘာလိုချင်သလဲဆိုပြီး ကျွန်တော့်ကိုမေးပါတယ်။ ဒါဟာ ကျွန်တော် တင်ပြလိုတဲ့ ဥပမာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဈေးရောင်းနေတဲ့ ဆိုင်ရှင်တွေဆိုတာ ကိုယ့်ရဲ့ ရောင်းကုန်တွေ၊ ဝန်ဆောင်မှုတွေဟာ ကိုယ့်ရဲ့ Compound ထဲမှာပဲ ရှိသင့်ပါတယ်။ အများသူငါ သွားနေတဲ့လမ်းပေါ်မှာရှိတယ်။ ဟုတ်လား လမ်းပေါ်မှာ တည်ခင်းထားတယ်ဆိုတာ ကျွန်တော်တို့ ဒါမသင့်လျော်တဲ့အလုပ်ပါ။ ဒီ့အပြင် ကျွန်တော်တို့ ဒီဆိုင်ကိုလာပြီး ပိုက်ဆံပေးတဲ့ ဖောက်သည်တွေ၊ Customer တွေဆိုတာလည်း ဒီဆိုင်ဒီဈေးခုံကြီးရဲ့ရှေ့ လမ်းမပေါ်မှာရပ်ပြီးတော့ ကျွန်တော်တို့ ဝယ်ပေးရတာပါပဲ။ သူ ဝယ်ရတာပါပဲ။

အဲဒီတော့ ဒါမျိုးကတော့နေရာတကာတိုင်းမှာတွေ့ရတာပါပဲခင်ဗျာ။ အထူးသဖြင့်ကျွန်တော်တို့ မော်တော်ကားနဲ့ပတ်သက်လို့ ဝန်ဆောင်မှု အနည်းဆုံး လေထိုး၊ ကျွတ်ဖာဆိုင်က စပြီးတော့ကြည့်ပါ ခင်ဗျာ။ အားလုံးကလမ်းပေါ်မှာပဲ အလုပ်လုပ်နေတာပါဟုတ်လား။ ကျွန်တော်တို့နိုင်ငံတကာမှာဆိုလို့ရှိရင် လေထိုး ကျွတ်ဖာလုပ်လို့ရှိရင် သူ့ရဲ့ Compound ထဲကို ဝင်သွားရမယ်။ ဝင်သွားပြီးတော့မှ သူ့ရဲ့ ဝန်ဆောင်မှုကို ပေးတာဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ယဉ်ကျေးမှုတစ်ခုက ဘာမဆို လမ်းပေါ် မှာလုပ်ရမယ်။ ဆိုင်ဆိုလည်းလမ်းပေါ်မှာလုပ်ရမယ်။ ကားပြင်တာ၊ လေထိုးတာ၊ ဝပ်ရှော့ကအစ အကုန်လုံး လမ်းပေါ်မှာ လုပ်ရမယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်ပြင်နေကျ ဝပ်ရှော့တစ်ခုဆိုရင်လည်း သူ့ကိုယ်ပိုင် နေရာ သီးသီးသန့်သန့်မရှိပါဘူး။ အဲဒီတော့ ကျွန်တော်ကားသွားပြင်ချင်လို့ရှိရင် လွတ်တဲ့ လမ်းမပေါ်မှာ

ရပ်ခိုင်းပြီးတော့ သူ့တပည့်တစ်ယောက်နဲ့ အကုန်လုံး နှိုက်ကြ၊ ချွတ်ကြ၊ ဖြုတ်ကြ၊ တပ်ကြ၊ ဒီလိုပဲလုပ်နေတာပါပဲ ခင်ဗျာ။ ဒါဟာ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ဖြစ်နေပါပြီ။ ကျွန်တော်တို့က အဲဒီတော့ ကျွန်တော်ပထမဦးဆုံးတင်ပြသလို ကျွန်တော်တို့ Super Market မှာရှိသလိုပေါ့နော်။ ဒီဆိုင်ရှင်တွေဟာ ကိုယ့်ရဲ့ပိုင်ဆိုင်တဲ့ Compound ထဲမှာပဲ မိမိရဲ့ရောင်းကုန်၊ မိမိရဲ့ဝန်ဆောင်မှု၊ ဟုတ်ကဲ့။ နောက် ဒီအထဲမှာပဲ ကျွန်တော်တို့ပေးရမှာဖြစ်ပါတယ်။ နောက် မိမိဒီဆိုင်ကိုလာတဲ့ ကျွန်တော်တို့ ဖောက်သည်တွေရဲ့ ယာဉ်တွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးမျိုးစုံကအစလည်း ဒါတွေကိုလည်း နေရာသတ်မှတ်နိုင်အောင် စီစဉ်ပေးရမှာဖြစ်ပါတယ်။ ဒါဟာအလွန်အရေးကြီးတဲ့အချက်ပါ။ ကျွန်တော်တို့ အခု ရန်ကုန်မြို့ဟာ ဆိုလို့ရှိရင် ကျွန်တော်တို့ ယာဉ်ကြောပိတ်ဆို့မှုအတွက် အဖြေမရှိပါဘူး။ ဒါနဲ့ပတ်သက်လို့ အဓိကဖြစ်နေတဲ့အချက်က ဒီဆိုင်တွေဟာလမ်းမပေါ်မှာ စျေးခုံတွေ၊ ပစ္စည်းမျိုးစုံတွေ၊ သူတို့ ယာဉ်၊ ရထားစတဲ့ ဝန်ဆောင်မှုတွေ အားလုံးကို လမ်းမပေါ်မှာ ကျူးကျော်နေလို့ပါ။

ဒီလိုကျူးကျော်နေတဲ့အခါကျတော့ ဒီဟာတွေနဲ့ပတ်သက်ပြီး အဲဒီကိုလာနေတဲ့ ဖောက်သည်တွေရယ်၊ အဲနေရာရဲ့အနေအထားကျတော့ လမ်းပိတ်ဆို့မှုဖြစ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဥပဒေထဲမှာ ကျွန်တော်တို့က ဆိုင်ရှင်နဲ့အလုပ်သမားတွေ အတွက်ပဲရေးဆွဲဖို့ မသင့်ဘဲနဲ့ ဒီဆိုင်ကိုလာတဲ့ customer ဖောက်သည်တွေနဲ့ ဒီဆိုင်ရှေ့က သွားလာနေတဲ့လူတွေရဲ့ အကျိုးစီးပွား မထိခိုက်အောင် ထည့်သွင်းရေးဆွဲသင့်ပါကြောင်း တင်ပြလိုပါတယ်။ ဒါတွေနဲ့ ပတ်သက်လို့ မေးစရာ တစ်ခုရှိပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဟာ ဒီကိစ္စတွေသူကမဖြေရှင်းဘူးလားလို့ မေးစရာရှိပါတယ်။ ဖြေရှင်းပါတယ်ခင်ဗျ။ သူတို့ဖြေရှင်းတဲ့နည်းကိုက ဘယ်လိုဖြေရှင်းတာလဲဆိုလို့ရှိရင် ဒီလိုလမ်းမတန်းကို ကျူးကျော်နေတဲ့ ဆိုင်တွေနဲ့ပတ်သက်လို့ ကျူးကျော်ခွန်ဆိုပြီး ပိုက်ဆံကောက်တဲ့အလုပ်ပဲ ရှိပါတယ်။ အဲဒီတော့ ဟုတ်လား အဲဒီတော့ သူတို့မှာဆိုလို့ရှိရင် ဒီဟာနဲ့ပတ်သက်ပြီး တရားစွဲဆိုနိုင်တယ်။ တရားမစွဲဆိုဘူးဆိုလို့ ရှိရင်လည်း သူတို့မှာ အဓိကအခက်အခဲ ရှိပါတယ်။ အဲဒီတော့ စည်ပင်သာယာရဲ့ မူကလည်း တစ်နေရာတစ်မျိုးပါခင်ဗျာ။ ဒီလမ်းမှာ ဒီဆိုင်ကိုခွင့်မပြုပေမယ့် နောက်လမ်းမှာကျတော့ အဲဒီလိုဆိုင်မျိုးကို ခွင့်ပြုနေပြန်ရောခင်ဗျ။ သူတို့ဥပဒေဟာ ဆိုလို့ရှိရင် ကျွန်တော်တို့လိုရင်လိုသလို မလိုရင်မလိုသလို သဘောမျိုးဖြစ်နေပါတယ်ခင်ဗျ။ ဥပဒေကတစ်ပြေးညီမဖြစ်ပါဘူး။ ဒါကြောင့်နောက်ပြီးတော့ အဓိကအားဖြင့် ဒီလိုပိုက်ဆံကောက်ရုံ၊ ကျူးကျော်ခွန်ကောက်ရုံနဲ့တော့ အချို့ဆိုင်ရှင်တွေဟာဒဏ်ရိုက်ခံပြီးတော့ကို ကျွန်တော်တို့ လမ်းမတန်းကို ကျူးကျော်နေတဲ့သူ တွေရှိပါတယ်။ ဒါတွေ ဟာဆိုလို့ရှိရင် မဖြစ်သင့်တဲ့ ကိစ္စပါ။

ဒါကြောင့် လက်ရှိ ကျွန်တော်တို့ ဆိုင်နဲ့အလုပ်ဌာနများ ဥပဒေမှာ ဒီ ဆိုင်ကိစ္စတွေမှာ ဆိုင်ပိုင်ရှင်ဟာ မိမိရဲ့ Compound အတွင်းမှာပဲ မိမိရဲ့ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ဒီဖောက်သည်တွေ အတွက်နေရာ၊ ယာဉ်တွေအကုန်စီစဉ်ပေးရမယ်ဆိုတဲ့အချက်ကို ထည့်သွင်းရေးဆွဲသင့်တယ် ဆိုပြီးတော့ ဒီအချက်ကိုကျူးလွန်တဲ့သူမှန်သမျှ သက်ဆိုင်ရာတရားရုံးမှာပဲ ဖြေရှင်းရမယ်ဆိုတဲ့အချက်ကို ထည့်သွင်း ရေးဆွဲသင့်ပါကြောင်း တင်ပြလိုပါတယ်။

နောက် ဒုတိယအနေနဲ့ ကျွန်တော်ဆက်လက်တင်ပြရမှာက အလုပ်ဌာနတွေနဲ့ ပတ်သက်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ အလုပ်ဌာနနဲ့ပတ်သက်လို့ ဒီဥပဒေမှာရေးဆွဲထားတာက လေဝင်လေထွက်ကောင်းမွန်အောင်စီစဉ်ဆောင်ရွက်ပေးရမယ် ဆိုတဲ့အချက်ကို ကျွန်တော်တွေ့ပါတယ်။ ဒါဟာမတိကျတဲ့သဘောကို ကျွန်တော်တို့ ဖော်ညွှန်းတာဖြစ်ပါတယ်။ အဓိကအားဖြင့် တင်ပြချင်တာက ကျွန်တော်တို့

နိုင်ငံဟာအပူပိုင်းဒေသမှာရှိတဲ့ နိုင်ငံပါ။ ကျွန်တော်တို့ ဒီ စက်ရုံ၊ အလုပ်ရုံ ရှိတဲ့နေရာဟာလည်း ကျွန်တော်တို့ အီကွေတာရပ်ဝန်းနဲ့နီးတဲ့ အပူပိုင်းဇုန်တွေမှာရှိပါတယ်။ နောက် ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမြေကြီးက ပတ်ဝန်းကျင်ဟာ တစ်နေ့တခြားအပူရှိလာတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် အပူပိုင်းနိုင်ငံတွေမှာလုပ်တဲ့ ကျွန်တော်လည်း လုပ်ခဲ့ပါတယ်။ အပူပိုင်းနိုင်ငံတွေမှာ အဲဒီတော့ အပူပိုင်း နိုင်ငံတွေမှာ စက်ရုံ၊ အလုပ်ရုံတွေဟာဆိုရင် သူက ဒီအတိုင်းလုပ်လို့ မရဘူးခင်ဗျာ။

စက်ရုံ၊ အလုပ်ရုံတွေမှာဆိုလို့ရှိရင် စက်ရုံ၊ အလုပ်ရုံသုံး Aircon၊ တစ်နည်းအားဖြင့် Centralize System ဓာတ်လိုင်းတွေနဲ့ ကျွန်တော်တို့ တပ်ရတာပါ။ အဓိကအားဖြင့် ဒီထဲမှာရှိတဲ့ အလုပ်သမားတွေဟာဆိုလို့ရှိရင် သူ့ရဲ့ Ambient Temperature ကို control လုပ်ထားတာပါ။ ဒီဟာကြောင့်ပဲ ကျွန်တော်တို့က ဒီလိုပဲလုပ်ရတာဖြစ်ပါတယ်။ အဲဒီတော့ အလုပ်ရှင်တွေဘက်ကလည်း မေးစရာရှိပါတယ်။ ဒီလို Centralize System Aircon တွေ၊ Air Condition System တွေ တပ်လို့ရင် ကုန်ကျစရိတ် ပိုမများဘူးလားဆိုတာ ကျွန်တော်တို့မေးစရာမေးခွန်း ရှိပါတယ်။ ဟုတ်ပါတယ်။ ဒီလိုကုန်ကျမှုရှိ ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ကျွန်တော်တို့က လူတွေကို ဒီလိုပေါ့၊ သက်သောင့်သက်သာ ပတ်ဝန်းကျင်မှာ ဖန်တီးပေးလို့ရှိရင် လူတွေရဲ့ Production ကုန်ထုတ်စွမ်းအားကလည်း ပိုပြီးတော့ တိုးတက်တာ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ဥပမာ တစ်ခုတင်ပြရလို့ရှိရင် တစ်ချိန်တုန်းက အီကွေတာရပ်ဝန်းမှာရှိတဲ့ စင်ကာပူဟာ အလွန်ဖွံ့ဖြိုးတိုးတက်တဲ့အခါမှာ စင်ကာပူရဲ့ ပဲ့ကိုင်ဖခင်ကြီးဖြစ်တဲ့ လီကွမ်ယုကို လူတွေက မေးပါတယ်။ စင်ကာပူဟာ ဘာကြောင့် ဖွံ့ဖြိုးတိုးတက် လာတယ်။ ဘယ်လို Idea တွေလဲ၊ ဘယ်လိုအယူအဆတွေနဲ့ ဘယ်လို ငွေကြေးစည်းစနစ်တွေလဲလို့မေးတဲ့အခါမှာ သူကတိုတိုရှင်းရှင်းတစ်ခွန်းပဲပြောပါတယ်။ စင်ကာပူ ဖွံ့ဖြိုးတိုးတက်တာ Aircon ကြောင့်ပါလို့ ပြောပါတယ်။ Aircon ကြောင့် လူတွေဟာ လုပ်နိုင်တယ်၊ ကြံနိုင်တယ်။ တွေးနိုင်ခေါ်နိုင်တယ်၊ ဒီလိုအဆင့်ဖြစ်တယ်လို့ ပြောပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် လူတွေဟာ လီကွမ်ယု ဆီက စင်ကာပူရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဘာတွေရှိနေလဲဆိုတာ အများကြီး မျှော်လင့်နေတဲ့ လူတွေအားလုံးက ပက်လက်လန်သွားပါတယ်ခင်ဗျာ။

သူ့ရဲ့အဖြေဟာ ရိုးရိုးရှင်းရှင်းပါပဲ။ အပူပိုင်းဒေသကလူတွေက အလုပ်လုပ်ရင် Aircon ရှိရမယ်။ လေနဲ့ပတ်သက်လို့ Control ရှိရမယ်။ ဒါကြောင့် ကျွန်တော်ဟာဆိုလို့ရှိရင် ဒီဥပဒေမှာ လေဝင်လေထွက်ကောင်းရုံလောက်နဲ့ဆိုတော့ တိကျမှုမရှိပါဘူး။ ဟုတ်လား။ Temperature တစ်ခုခု Limited လုပ်ပေးရမယ်။ ဥပမာ (၃၀)ဒီဂရီစင်တီဂရိတ် ဒါတွေဟာဆိုလို့ရှိရင် တကယ်တော့ လူတွေရဲ့ Comfort Temperature(၂၇)လောက်ပဲရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အကြောင်းကြောင်းကြောင့် စက်ရုံဖြစ်တဲ့အတွက် စက်ရုံဟာအခန်းဖြစ်တယ်။ စက်ရုံဟာအလုံပိတ်ခန်းဖြစ်တယ်ဆိုလို့ ရှိရင်(၃၀)ဒီဂရီစင်တီဂရိတ်နဲ့ သတ်မှတ်ချက်တစ်ခုခုအောက်ကို မပိုအောင် ဟုတ်လား။ ကျွန်တော်တို့ လေဝင်လေထွက်ကို စီစဉ်ပေးရမယ် ဆိုတဲ့အချက်ကိုလည်း ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း ဆိုတဲ့အချက်ကိုလည်း တင်ပြလိုခြင်းဖြစ်ပါတယ်။

နောက်ထပ် ကျွန်တော် ဥပမာတစ်ခု တင်ပြလိုတာက ကျွန်တော် မြောက်ဥက္ကလာကိုရောက်တဲ့အခါမှာ မြောက်ဥက္ကလာဟာ လူနေအရမ်းထူထပ်ပါတယ်။ အဲဒီမှာ အိမ်တစ်အိမ်ဟာဆိုရင် သူကဘေးကို အဖီဆွဲပြီးတော့ သူကအိမ်တွင်းစက်ချုပ်လုပ်ငန်းပေါ့။ သူကမော်တာနဲ့စက်ချုပ်လုပ်ငန်းတစ်ခု တည်ထောင်ထားတာတွေ့ပါတယ်။ သူ့အိမ်ဘေးမြေကွက်လပ် အဖီလေးမှာဖြစ်တဲ့အတွက် နေရာတော်တော်ကျဉ်း

ပါတယ်။ ဒါပေမဲ့ သူကအလုပ်က လှိုင်တဲ့အခါကျတော့ အဲဒီမှာ စက်တွေရော၊ လူတွေရော သူက ပြွတ်ထည့်ထားပါတယ်။ အဲဒါ ကျွန်တော်ကြည့်တဲ့အခါမှာ တော်တော်မသက်မသာ အနေအထားကို တွေ့ရပါတယ်။ အဲဒီတော့ ဒီ စက်ရုံ၊ အလုပ်ရုံ၊ လုပ်မယ်ဆိုလို့ရှိရင် အလုပ်သမား တစ်ယောက်အတွက်က ဧရိယာအကျယ်အဝန်းက ဘယ်လောက်ရှိရမယ်ဆိုတဲ့ ကန့်သတ်ချက်က လိုအပ်နေပြီ ဖြစ်ပါတယ်ခင်ဗျာ။

ကျွန်တော်မှန်းတာကတော့ အလုပ်သမားတစ်ယောက်က အနည်းဆုံး (၅) ပေပတ်လည်၊ (၂၅) စတုရန်းပေလောက်။ စက်ရုံတစ်ခုမှာ စက်ယန္တရားတွေမပါ။ လူတစ်ယောက်အတွက် အနည်းဆုံး(၂၅) ပေ စတုရန်းပေကျယ်ရမယ်ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းရေးဆွဲ သင့်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကို မရေးဆွဲဘူးဆိုရင် နေရာအကျယ်အဝန်းကြေပ်တည်းတဲ့ အလုပ်ရှင်တွေဟာဆိုရင် အလုပ်သမားတွေကို အခန်းတစ်ခုထဲကို ပြွတ်ထည့်တဲ့ အစီအစဉ်မျိုး ဖြစ်သွားနိုင်ပါတယ်။ အဓိကအားဖြင့် (၂၅) စတုရန်းပေ ဆိုတာလည်း ခန့်မှန်းရမယ် ဆိုရင်တော့ (၁၀)ပေ ပတ်လည်အခန်းတစ်ခုမှာ အလုပ်သမား (၄)ယောက်လောက်ပဲ အများဆုံးထားတဲ့ သတ်မှတ်ချက်ကို လုပ်သွားဖို့ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီအလုပ်ရုံဌာနများ ဥပဒေမှာ ကျွန်တော်ကြည့်တဲ့အခါမှာ ဒီ အလုပ်သမားတစ်ယောက်ကိုတဲ့ (၅)နာရီ ဆက်တိုက် ခိုင်းပြီးလို့ရှိရင် မိနစ်(၃၀)အနားပေးရမယ်ဆိုတဲ့ အချက်တွေ့ပါတယ်။ ဒီအချက်ကလည်း ကျွန်တော်တို့ ဆွေးနွေးစရာအချက်တွေရှိပါတယ်။ ဒီ (၅)နာရီဆက်တိုက်ခိုင်းရမယ်၊ (၃၀)မိနစ်ပေးရမယ်ဆိုတာ အလုပ်ရဲ့အနေအထားကိုလည်း မူတည်ပါတယ်။ ကျွန်တော်လုပ်ခဲ့တဲ့ စက်ရုံတွေမှာဆိုရင် သူက Operation လိုင်းတွေပါ။ သူက စက်တွေနဲ့လူတွေနဲ့ အပြိုင်လုပ်နေရတာပါ။ လူကထိုင်ချိန်မရပါဘူး။ စက်က ဒီဘက်ပြေးလို့ရှိရင် လူလည်းပြေး၊ စက်ကရပ် လို့ရှိရင် လူရပ်မှရပ်။ စက်ကလိုတဲ့ပစ္စည်းကို တပ်ပေး။ နောက် တစ်နေရာကိုပြ။ အဲဒီလို ပြေးလွှား ပြီးတော့ ပြောမယ်ဆိုရင်တော့ မတ်တတ်ရပ်လုပ်ရတာပါ။ ဒီအလုပ်တွေမှာဆိုရင် ကျွန်တော်လုပ်ခဲ့တဲ့ စက်ရုံမှာဆိုလို့ရှိရင် သူက(၈)နာရီကစလုပ်တယ်။ (၁၀)နာရီကျရင် Break ပေးတယ်။ (၁၅) မိနစ်နားတယ်။ Tea Break ပြီးလို့ရှိရင် (၁၂)နာရီ ပြန်စတယ်။ (၁၂) နာရီမှာ Lunch Break ပေးတယ်။ နောက် တစ်နာရီလောက်မှာ စပြီးတော့ (၃)နာရီလောက်မှာ Tea Break ပြန်ပေးပြီးတော့ (၅) နာရီလောက်မှာ ရပ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင် အလုပ်ရဲ့သဘာဝဟာ မတ်တတ်ရပ်ပြီး ပြေးလွှားနေရတဲ့ အလုပ်တွေဟာဆိုလို့ရှိရင် အလုပ်ချိန်ကို အများဆုံး (၂)နာရီလောက်ပဲထားတာ တွေ့ရတာ ဖြစ်ပါတယ်ခင်ဗျား။

အလုပ်ရဲ့သဘာဝကို မူတည်ပြီးတော့လည်း ဒီအချက်ကို ထည့်သွင်းပါတယ်။ အလုပ်ကကျွန်တော်တို့က လူတစ်ယောက်က (၅)နာရီထိအောင် ဆက်တိုက်ပြေးလွှားပြီး ဘယ်လိုမှမလုပ်နိုင်ပါဘူးခင်ဗျ။ ဒါကြောင့် အလုပ်လုပ်ရတဲ့ သဘောတရားက မတ်တတ်ရပ်လုပ်ရမယ်၊ ပြေးလွှားလုပ်ရမယ့် အလုပ်တွေမှာ အများဆုံး Limit က (၂)နာရီအထိကန့်သတ်ထားရမယ်။ (၂)နာရီထက်ကျော်ပြီးလို့ရှိရင် အနည်းဆုံး (၁၅)မိနစ် အနားပေးရမယ်ဆိုတဲ့အချက်ကိုလည်း အလုပ်သဘာဝပေါ်မူတည်ပြီး ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။

နောက်တစ်ခု ကျွန်တော်တင်ပြချင်တာက ဥပမာ ကျွန်တော် Super Market တွေရောက်ပါတယ်။ ရောက်တဲ့အခါမှာ ကျွန်တော်စျေးဝယ်ဖို့တန်းစီတဲ့အခါမှာ ဒီ Cash Counter က ကလေးမလေးတွေဆိုလို့ရှိရင် မျှားသောအားဖြင့် တစ်နေကုန်မတ်တတ်ရပ်နေတာ တွေ့ပါတယ်။ ကျွန်တော်တို့ တန်းစီနေတဲ့ လူတောင်မှဒီမိနစ်ပိုင်းတောင်မှ တော်တော်ခြေထောက်ညောင်းလို့ရှိရင် သူတို့လေးတွေဟာ ပိုပြီးတော့

ခံစားရမယ်ဆိုတဲ့အချက်ကို ကျွန်တော်ကိုယ်ချင်းစာမိပါတယ်။ ဒါကြောင့်အလုပ်ရှင်ဟာဆိုလို့ရှိရင် အလုပ်ရဲ့ သဘောသဘာဝထိုင်လျက် လုပ်လို့ရတဲ့နေရာတွေမှာ ထိုင်ခွင့်ပေးဖို့ လိုပါတယ်ခင်ဗျ။ ဒါတွေဟာလည်း ကျွန်တော်တို့ စစ်ဆေးရေးမှူးတွေက လိုပါတယ်။ လူတစ်ယောက်ကို အကြောင်းမဲ့ မတ်တတ်ရပ်ခိုင်းထားတယ်ဆိုတာလည်း ဒါမဖြစ်သင့်ပါဘူးခင်ဗျ။ အဲဒီတော့ အလုပ်ရဲ့သဘာဝအရ မတ်တတ်ရပ်လုပ်ရမယ်ဆိုရင် မတ်တတ်ရပ်လုပ်တာ လက်ခံပြီးတော့ အလုပ်ရဲ့ သဘာဝအရ ထိုင်လျက်လုပ်လို့ရတဲ့ အလုပ်မျိုး Production ကို မထိခိုက်တဲ့အလုပ်မျိုးကို ထိုင်လျက်လုပ်ဖို့ ခွင့်ပြုရမှာဖြစ်ကြောင်း ကျွန်တော် လေးစားစွာတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## လက်နက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လက်နက်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၇။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်လူကြီးမင်းများ အားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဒီနေ့ ၁၈၇၈ ခုနှစ်၊ လက်နက်အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်တော် ဥပဒေ အပိုဒ် ၂ ပိုဒ်ကို တင်ပြဆွေးနွေးလိုပါတယ်။ အဲဒီတော့ဒီဥပဒေမှာ အင်္ဂလိပ်ဘာသာအသုံးအနှုန်းများနဲ့ ရေးသားတာလည်း အများကြီးပါတဲ့အတွက်ကြောင့်မို့ အချို့ကိစ္စတွေမှာ အင်္ဂလိပ်ဘာသာ အသုံးပြုဖို့ ခွင့်ပြုပေးဖို့လည်း ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ပုဒ်မ ၄ နဲ့ပတ်သက်ရင် ဒီ Arms Included 1,2,3 ဆိုပြီး ဖော်ပြထားပါတယ်။ 1 နဲ့ 2 ဟာဆိုရင် ကျွန်တော်တို့ ဒီထဲမှာ မပါပါ ဘူး။ နံပါတ် 3 မှာတော့ Knives of such other kinds and substances ဆိုပြီးတော့ ဖြည့်စွက်ထားတာလည်း ကျွန်တော်တွေ့ရှိပါတယ်။ ဒီ 1 နဲ့ 2 မှာ Arms ဆိုတဲ့နေရာမှာ တခြား ဒီ လက်နက်တွေလည်း ပါရှိဦး မယ်လို့ ကျွန်တော်ယူဆပါတယ်။ အဓိကကတော့ ဒီ ၁၈၇၈ ခုနှစ်၊ လက်နက်ဥပဒေ ထုတ်ပြန်တဲ့ အချိန်ဟာ မြန်မာနိုင်ငံမှာ သီပေါမင်း နန်းမတက်ခင်ကာလလို့ ကျွန်တော်တို့ တွက်ချက်လို့ ရနိုင်ပါတယ်။ အဲဒီတော့ ဒါအင်မတန်ကြာမြင့်နေပြီဖြစ်ပါတယ်။ အဲဒီတော့ အထက်မြန်မာနိုင်ငံမှာတောင်မှ ဒီဥပဒေဟာ ဘာမှ မသက်ဆိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ ဥပဒေပုဒ်မ ၄ 1 နဲ့ 2 မှာ အဲဒီအချိန်ခါက ကျွန်တော်တို့ရှိခဲ့တဲ့ လက်နက်များပါမယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ အဲဒီတော့

ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အများဆုံးသုံးတဲ့ မီးသေနတ်တို့ စသည်အားဖြင့် ဒါတွေလည်း ထည့်သွင်းဖို့ လိုပါမယ်။ မီးထည့်တဲ့နေရာမှာလည်း ကျွန်တော်တို့ဒေသ အခေါ်အဝေါ်အားဖြင့် တချို့ တနယ်ဘရီတို့၊ ရခိုင်တို့မှာ တောပုန်းတို့၊ သပေါက်ခြမ်း တို့စသည်အားဖြင့် လက်နက်ကတော့ ဒီလက်နက်ပဲ အခေါ်အဝေါ်တွေက အမျိုးမျိုးကွဲပြားနေတဲ့ အတွက်ကြောင့် ဒါတွေကိုပြန်လည်စိစစ်ထည့်သွင်း ဖော်ပြ သင့်တယ်လို့ ကျွန်တော် ဆွေးနွေးတင်ပြ လိုပါတယ်။

နောက်တစ်ချက်ကတော့ ပုဒ်မ ၁၉ (က)နဲ့ပတ်သက်လို့ တင်ပြချင်တာကတော့ Any of the following types of arms or ammunition ဆိုပြီးတော့ အစပိုင်းမှာ စကားချီပြီးတော့ Small arms such as ဆိုပြီး A ဆိုပြီး Rifles ဆိုပြီး ဖော်ပြပါတယ်။ ဒီအချိန်အခါက Pistol သေနတ်တို့ ဘာတို့လည်း ရှိမယ့်ပုံ ဗမာပြည်မှာ မရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နံပါတ် A မှာ Rifles အစား Pistol နဲ့ Revolver ခြောက်လုံးပြူးသေနတ်တို့ ထည့်သွင်းဖို့သင့်တော်မယ်လို့ ကျွန်တော်တို့ ထင်မြင်ယူဆပါတယ်။ လက်နက်တွေကို ဖော်ပြတဲ့နေရာမှာလည်း ကျွန်တော်တို့ ပြောင်းအကျယ် Calibre 0 .22 ၊ 0.32 ၊ 0.38၊ 0.45 စသည်အားဖြင့် ပြောင်းအကျယ်တွေ ရှိတဲ့အတွက်ကြောင့်လည်း ဒါကိုလည်း သင့်တော်တဲ့စာလုံး All kind of Calibre စသည်အားဖြင့် တစ်ခုခု ရေးသားပြီးတော့ ဒါ ထည့်သွင်းဖော်ပြမယ်ဆိုရင် ပိုပြီးတော့ သင့်တော်မယ်လို့ ယူဆပါတယ်။ Rifles ဆိုတဲ့နေရာမှာ Assorted Rifles တွေ နိုင်ငံပေါင်းစုံက Assorted Rifles တွေ ထုတ်လုပ်နေတာ အများကြီး ရှိပါတယ်။

ဒါကြောင့်မို့လို့ Rifles ဆိုတဲ့နေရာမှာလည်း ဒါ Assorted Rifles ဆိုပြီးတော့ ထည့်သွင်း ဖော်ပြ သင့်ကြောင်း ကျွန်တော် ဆွေးနွေးလိုပါတယ်။ နောက် B မှာ ကျွန်တော်တို့ ဖော်ပြထားတာတော့ Light Automatic, Sten Gun, Bren Gun, Tommy Gun, Brouning, American 300 Carbine ဆိုပြီးတော့ ဖော်ပြပါတယ်။ အဲဒီတော့ ဒါတွေက အလွန်ကြာမြင့်နေပြီ ဖြစ်တဲ့ လက်နက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ထင်တယ် ဒီလက်နက်တွေဟာ အခုဒီအချိန်ဒီခါမှာ တော်တော်လေး မသုံးစွဲတော့ဘူး။ ဒီထက်ခေတ်မီနေတဲ့ လက်နက်တွေ အများကြီးပေါ်ထွန်းနေပါပြီ။ ဒါကိုလည်းပဲ ကျွန်တော်တို့ ခေတ်နဲ့ လျော်ညီအောင် ခေတ်ကာလတိုးတက်မှုအရ ထပ်မံဖြည့်စွက်မယ်လို့ ဖော်ပြထားတဲ့အတွက်ကြောင့် လက်နက်တွေဖော်ပြတဲ့နေရာမှာလည်းပဲ ပြန်လည်စိစစ်နားလည်တဲ့ ပုဂ္ဂိုလ်များနဲ့ စိစစ်ထည့်သွင်းသင့် တယ်လို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ အဲဒီတော့နောက်အပိုဒ်ခွဲ (B)မှာလည်းပဲ Light automatic small arms ဆိုပြီး ထည့်သွင်းဖော်ပြသင့်တယ်လို့ တင်ပြလိုပါတယ်။ အဲဒီတော့ ဒီမှာပုဒ်မခွဲငယ် ၄ မှာ Such as ဆိုပြီးတော့မှ ရေးထားတဲ့ အသုံးအနှုန်းမှာ Vickers Machine Gun, Brouning Machine Gun, Besa Machine Gun, Japanese Heavy Machine Gun စသည်အားဖြင့် ဒါတွေ ထုတ်လုပ်တဲ့ ကုမ္ပဏီနိုင်ငံရဲ့နာမည်နဲ့ ရေးတဲ့နေရာမှာ Machine Gun ကတော့ အခု Search Machine Gun ရှိတယ်။ Machine Gun ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ လူနဲ့အတူတွဲပြီးတော့မှ ယူသွားရမယ့်လက်နက်မျိုး ဖြစ်တယ်ဆိုရင် ကျွန်တော်တို့ သင့်တော်တဲ့စာလုံး တိုတိုနဲ့လိုရင်း အားလုံးခြုံငုံ မိအောင် ရေးသားလို့ရနိုင်တဲ့ စာလုံးနဲ့ ရေးသားသင့်တဲ့အကြောင်း ဆွေးနွေး တင်ပြလိုပါတယ်ခင်ဗျား။

အဓိကကတော့ ဒီ ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေကို ကျွန်တော်တို့ အမျိုးသား လွှတ်တော်မှာ ဆွေးနွေးချိန်လည်း နည်းတယ်လို့ ကျွန်တော် မြင်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တင်ပြချက်မှာလည်းပဲ ဒါ ဘယ်သူတွေနဲ့ ဘယ်လို ဆွေးနွေးခဲ့တယ်ဆိုတာ မတွေ့ရပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာန တခြားလိုအပ်တဲ့ ဝန်ကြီးဌာနတွေ ကျွမ်းကျင်တဲ့ ဌာနတွေကို ဖိတ်ကြားပြီးတော့ ဆွေးနွေး

မယ်ဆိုရင် ဒီထက်ပြည့်စုံမယ့်ဟာကို ရနိုင်ပါတယ်။ အထူးသဖြင့် ၁၈၇၈ ခုနှစ် လက်နက်အက်ဥပဒေ ဟာ ကျွန်တော် ပထမတင်ပြသလိုပဲ အောက်မြန်မာနိုင်ငံမှာ ထုတ်ပြန်တဲ့ဥပဒေ ဖြစ်ပါတယ်။ အထက် မြန်မာနိုင်ငံအတွက်လည်း သီးခြားထုတ်ပြန်ထားတဲ့ ဥပဒေရှိတယ်လို့လည်း ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေအားလုံးကို ခြုံပြီးတော့ လက်နက်ဥပဒေ တစ်ခုတည်း ဖြစ်မြောက်အောင် ပြန်လည်ပြင်ဆင်သင့်တဲ့အကြောင်း တင်ပြရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၄။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀-၁၁-၂၀၁၅ မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ဥပဒေတစ်ခု ဆွေးနွေးပါတယ်။ ဒီဆွေးနွေးတဲ့ ဥပဒေကတော့ သက်သေခံဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေက အင်္ဂလိပ်လိုရေးထားပြီးတော့ အင်္ဂလိပ်လိုပြင်ဆင်ချက် တင်သွင်းတာဖြစ်ပါတယ်။ အဲဒီတော့ ဒီ သက်သေခံဥပဒေကတော့ ကျွန်တော်တို့ သာမန်လူတိုင်းနဲ့တော့ မဆိုင်ပါဘူး။ အဓိကကတော့ ဥပဒေ ပညာရှင်များ အတွက်ရေးတဲ့ဥပဒေ ဖြစ်တဲ့အတွက်ဒါကို အင်္ဂလိပ်လို ရေးဆွဲပြဋ္ဌာန်းတာတော့ ပြောစရာမလိုပါဘူး။ ဒါပေမဲ့ လက်နက်ဥပဒေကျတော့ အင်္ဂလိပ်လို ရေးဆွဲပြဋ္ဌာန်းတာနဲ့ပတ်သက်လို့ မေးရမယ့် မေးခွန်းတွေ ပေါ်ပေါက်နေပါပြီခင်ဗျ။ အဓိကအားဖြင့်တော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ရပ်ရွာအနှံ့မှာရှိတဲ့ လူဆိုးလူမိုက်တွေကလည်း လက်နက်ကိုယ်စီနဲ့ပါပဲ၊ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံ အနှံ့အပြားမှာရှိတဲ့ လက်နက်ကိုင် တော်လှန်ရေးသမားတွေ အားလုံးကလည်း လက်နက်တွေနဲ့ သွားလာနေကြတာ ဖြစ်ပါတယ်။ ဒီလူတွေ မြို့ရွာမှာရှိတဲ့ လူဆိုးလူမိုက်တွေ နယ်တွေမှာရှိတဲ့ လက်နက်ကိုင် တော်လှန်ရေးသမားတွေ ကြားထဲမှာ ပြည်သူတွေနေနေရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေဟာဆိုလို့ရှိရင် တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ပြည်သူအားလုံးနဲ့သက်ဆိုင်တဲ့ အနေအထား ဖြစ်နေပါတယ်။

ဒါကြောင့် ဒီဥပဒေဟာဆိုလို့ရှိရင် အင်္ဂလိပ်လို မထားသင့်တော့ဘဲနဲ့ ဘာသာပြန်ပြီး မြန်မာလို ရေးဆွဲပြဋ္ဌာန်းသင့်တဲ့အကြောင်း ကျွန်တော်ဦးစွာတင်ပြလိုပါတယ်။ နောက် ကျွန်တော်တို့ဆက်လက်တင်ပြလိုတာကတော့ ကျွန်တော်က လက်နက်နဲ့ ပတ်သက်လို့ရှိရင် လက်နက် ပုံသဏ္ဌာန်ရှိမှ တုတ်ကြီး၊ ဓားကြီး၊ လှံကြီး၊ ဒူးလေးကြီးတွေ့မှ လက်နက်လို့ လူတွေထင်နေတာဖြစ်ပါတယ်။ အဓိကအားဖြင့် လက်နက်ပေါင်းများစွာ ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ဥပမာတစ်ခု တင်ပြရလို့ရှိရင် ပြည်ပ မှာလုပ်နေတုန်းက လျှပ်စစ်နဲ့လုပ်တဲ့ ပစ္စည်းလေးတွေ ဝက်အူလှည့် အချွန်အတက်တွေ Pliers တွေနဲ့ ကျွန်တော်ကိုင်ပြီး သွားဖို့လုပ်တဲ့အခါမှာ အဲဒီမှာ ပါတဲ့လူက ကျွန်တော့်ကို တားမြစ်ပါတယ်။ ဒါကြီးက မင်း ဒီလိုကိုင်သွားလို့ မရဘူးတဲ့၊ ဘာလို့လဲဆိုရင် ကျွန်တော်တို့က tools ပဲ အောက်မေ့တာပါ။ tools မဟုတ်ဘူးတဲ့ လက်နက်အဖြစ် သုံးလို့ရတဲ့ဟာတွေတဲ့ ဒီဟာတွေကို ဒီလိုကိုင်သွားလို့မရဘူး။ ဒီဟာတွေကိုကိုင်ပြီး သွားရမယ်ဆိုရင် သီးခြားအိတ်တစ်လုံးထဲ Parking ထည့် ချည်နှောင်ထုပ်ပိုး ပြီးမှသယ်ရတာ ဖြစ်ပါတယ်။ သူတို့နိုင်ငံတွေမှာရှိတဲ့ အလုပ်ရုံဌာနတွေမှာဆိုရင် တစ်နေရာနဲ့တစ်နေရာ သွားမယ်ဆိုလို့ရှိရင်လည်း အလုပ်သမား ဝတ်စုံ၊ Tools Box အစုံအလင်နဲ့ သွားရတာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တင်ပြချင်တာ

ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ လက်သမား ပန်းရံတွေ စက်ပစ္စည်းပြင်တဲ့ အလုပ်ရုံတွေ၊ ကားရုံတွေမှာဆိုရင် လက်နက်မျိုးစုံ ရှိပါတယ်။ ဒီ tools တွေက လက်နက်အဖြစ် သုံးနိုင်တဲ့ နေရာမျိုး ဖြစ်ပါတယ်။ ဒါတွေကို တစ်နေရာနဲ့တစ်နေရာ သွားလာ သက်ဆိုင်ရာ Workshop ကနေ တစ်နေရာကို တစ်နေရာသွားလာ သယ်နေတဲ့အခါမှာ ဒါတွေနဲ့ပတ်သက်လို့ ကန့်သတ်ချက်တွေ ရေးဆွဲပြဋ္ဌာန်းဖို့ သင့်ပါတယ်ခင်ဗျား။ တစ်နည်းအားဖြင့် လက်နက်အဖြစ်သုံးနေတဲ့ tools တွေဟာ ပြင်ပကိုသယ်မယ်ဆိုလို့ရှိရင် ဘယ်လို Pack လုပ်ရမယ် ဘယ်လိုအနေအထားနဲ့ သယ်ရမယ်ဆိုတာမျိုးတွေ ကျွန်တော်တို့ ဥပဒေမှာ ရေးဆွဲပြဋ္ဌာန်း သင့်ပါတယ်။ ကျွန်တော်တို့က ဓားကြီးလှံကြီးတွေမှ လက်နက်လို့ ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တို့ လက်သမားသုံးပစ္စည်း၊ ပန်းရံသမားသုံး ပစ္စည်းတွေကလည်း လက်နက် ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တင်ပြမယ်ဆိုရင် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ မော်တော်ကား၊ Taxi ၊ Bus Car ယာဉ်လောကမှာ ကျွန်တော် ကျင်လည်လုပ်ကိုင်ခဲ့တာပါ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အတွေ့အကြုံတစ်ခု တင်ပြရလို့ရှိရင် အခု ရန်ကုန်မြို့မှာ Taxi ကားသမားတွေ အများကြီး ရှိပါတယ်။ ဒီ ကားသမားတွေ အားလုံးကို ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါ်ပြီးတော့ မေးကြည့်လို့ရှိရင် သူတို့ Taxi သမားတွေက ကားဒက်ချ်ဘုတ်မှာ သူတို့ရဲ့လက်ကိုင်ဘေးမှာဆိုရင် ဝက်အူအလှည့်အချွန်အတက် အမြဲတမ်းထားပါတယ်။ အဲဒီတော့ ကားဆရာကသွားရေးလာရေး ကားပြင်ဖို့အတွက်ကို ဝက်အူလှည့်ကို အချွန်အတက်ကို အမြဲထားလားလို့ မေးစရာရှိပါတယ်။ ကားသမားအများစုက ကားမပြင်တတ်ပါဘူး။ ဒီနေ့ ခေတ်ပေါ် ကားတော်တော်များများကလည်း ဝက်အူလှည့်တစ်လက်နဲ့ ပြင်လို့ရတဲ့ အနေအထားမဟုတ်ပါဘူး။ မောင်းလို့ရသေးရင် Workshop မောင်း၊ မောင်းလို့မရဘူးဆိုရင် ကားနဲ့ဆွဲရတဲ့ အဆင့်ပါ။ ဒါပေမဲ့ Taxi Driver တော်တော်များများက ဝက်အူလှည့်အချွန်အတက်တစ်ခုကိုဘေးမှာ ဆောင်ထားပါတယ်။ သာမန်အားဖြင့် ကြည့်လို့ရှိရင်တော့ လက်နက်မဟုတ်ဘူးလို့ လူထင်စရာရှိမယ်။ လက်နက်အဖြစ် ဆောင်ထားခြင်း ဖြစ်ပါတယ်။ ဒီလိုပဲ Bus Car လောကမှာ ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ Driver တွေဟာ သူတို့နောက်မှာ ဘီးဖြုတ်တဲ့ သံဂေါက်ကြီးတွေ သံပိုက်တွေကို အလွယ်တကူ ထားပါတယ်။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုရင် ဒီ ဘတ်စ်ကားလောက Driver စပယ်ယာလောကက တော်တော်လေးကို စရိုက်အနေနဲ့က တစ်ခုခုဖြစ်လို့ရှိလို့ရှိရင် မအေနှမ မျိုးစုံအော်ဟစ်ပြီးတော့ Driver က ဘီးဂေါက်ယူမယ်၊ စပယ်ယာက သံပိုက်ယူပြီး ပြေးဆင်းကြတာပါ။ ဒါ သူတို့ရဲ့ စရိုက်ကို ဖြစ်နေတာပါ။ ဒီစရိုက်က ဘာလို့ ဆိုးလဲဆိုလို့ရှိရင် အဓိကကားပစ္စည်းဖြစ်တဲ့ ဟာတွေအားလုံးကို သူတို့လက်တစ်ကမ်းမှာ ထားတာဖြစ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါသူတို့သာမန် Tools တွေမဟုတ်ပါဘူး။ သူတို့က လက်နက်အဖြစ်ဆောင်ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ တကယ်တမ်းတော့ ဒီ မော်တော်ကား ဥပဒေမှာဆိုရင် သူတို့ ကားသုံးပစ္စည်းတွေက Tools Box မှာ ထားရမယ်၊ ယာဉ်ရဲ့ သတ်မှတ်တဲ့ နေရာမှာ ထားရမယ်။ သော့ခတ်ထားရမယ်။ ဒီလိုအနေအထားမျိုးကို ရေးဆွဲပြဋ္ဌာန်းသင့်ဖို့ လိုအပ်နေပြီခင်ဗျ။ ဘာလို့လဲ ဆိုရင် ဒါကိုလက်နက်အဖြစ် ထားပြီးတော့ သူတို့ရဲ့ စိတ်တွေက ကြမ်းတမ်းတဲ့စိတ်တွေ ပေါ်ပေါက်နေတာ ဖြစ်ပါတယ်။ တောပိုင်းမှာလည်း ကိုင်းခုတ်တဲ့ ဓားကြီးကို ခါးကြားမှာ ထိုးပြီး သွားလာနေတာ တွေ့ရပါတယ်။ နေပြည်တော်-ရန်ကုန်လမ်းမှာလည်း ရွာသား(၂)ယောက်က ဓားကြီး ခါးကြားထိုးပြီး ကျွန်တော့်ဘေးက လျှောက်တယ်။ ဘာမှတော့ မဖြစ်ပါဘူး။ ကျွန်တော့် စိတ်ထဲမှာ နည်းနည်းတော့ တုန်လှုပ်မှု ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ သူတို့ကိုင်းခုတ်တဲ့ ဓားတွေကအစ ပြောမယ်ဆိုရင်တော့ အိမ်ကနေ ဒီဓားကို ထုပ်ပိုး

သယ်ရမယ်။ တောထဲရောက်တဲ့အခါကျမှ ဖြေရမယ်။ ကြားထဲမှာဆိုရင် သေသေချာချာ ထုပ်ပိုးချည်နှောင်ပြီးတော့ သယ်ရမယ်ဆိုတဲ့ အချက်တွေလည်း ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။ ဘာလို့လဲဆိုရင် အဓိကအားဖြင့်တော့ သာမန်လုပ်ငန်းသုံးပစ္စည်းတွေက လက်နက်ဆိုတဲ့ အကြောင်းကို လူတွေရဲ့ အတွေးမှာပေါ်အောင် ကျွန်တော်တို့ ရေးဆွဲပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ လက်နက်ဆိုတာကလည်း ဒီလို Tools တွေမဟုတ်ပါဘူး။ သာမန်လူသုံးပစ္စည်း ကလည်း လက်နက်တစ်ခု ဖြစ်သွားနိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ဥပမာတစ်ခု တင်ပြရလို့ရှိရင် မနှစ်ကလောက်က ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ရန်ကင်းမှာ ခေါင်းဖြတ်၊ လူသတ်မှုတစ်ခုဖြစ်ပါတယ်။ အဲဒီတော့အသတ်ခံရတဲ့လူရော၊ သတ်တဲ့လူရောက တစ်ယောက်တစ်ယောက်ချင်းပါ။ အဲဒီတော့ တစ်ယောက် တစ်ယောက်ချင်းတွေ့တဲ့အခါမှာ လူတစ်ယောက်ကို တစ်ယောက်က ခေါင်းဖြတ်သတ်နေတာ ဆိုလို့ရှိရင် သတ်ခံရတဲ့လူက မရှုန်းကန်တော့ဘူးလား။ ဂုတ်ကို ဆင်းပေးနေလားဆိုပြီး မေးစရာအချက် ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် တင်ပြလိုတာက ခေါင်းဖြတ်တဲ့အခါမှာတော့ ဓားသုံးတာ မှန်ပါတယ်။ ဓားမသုံးခင်ကလည်း လက်နက်တစ်ခုကို သုံးထားပြီးသားဖြစ်ပါတယ်။ ဘယ်လက်နက်လဲဆိုရင် လူသတ်သမားက အရက်ပုလင်းကိုင်ပြီး အရပ်ထဲကိုသွားနေတဲ့လူပါ။ သူနဲ့ ခလုတ်တိုက်မိတဲ့အခါ တွေ့တဲ့အခါမှာ သူကဘယ်လိုလုပ်လဲဆိုရင် သူ့ရဲ့အရက်ပုလင်းကိုင် ခွဲလိုက်ပြီး အချွန်အတက်နဲ့ တစ်ဖက်လူရဲ့ဝမ်းဗိုက်ကို ကြိမ်ဖန်များစွာထိုးနေတာပါ။ အဲဒီတော့ပြောမယ်ဆိုရင် သာမန်လူသုံးပစ္စည်း ပုလင်းလေးတစ်ခုကတောင်မှ လက်နက်အဖြစ်ပြောင်းပြီး လက်နက်အဖြစ် သုံးတာပါ။ အဲဒီ အချိန်မှာသာမန် လူသုံးပစ္စည်းလေးရဲ့ ဒဏ်ရာဒဏ်ချက်ကြောင့် တစ်ဖက်လူဟာ သေလုမြောပါး မလှုပ်နိုင်တဲ့ အနေအထား ဖြစ်ပြီးတဲ့အချိန်မှာ ခေါင်းဖြတ်ရတာ၊ တစ်နည်းအားဖြင့် ပြောလို့ရှိရင် သူဟာ သေလုမြောပါး ဖြစ်ပြီးတော့မှ ခေါင်းဖြတ်တာ ဖြစ်ပါတယ်။

အဲဒီတော့ လူတွေကဓားကိုသာ လူမြင်တာပါ။ သူကဓားရှေ့မှာရှိတဲ့ အရက်ပုလင်းကို လက်နက်အဖြစ် သုံးသွားတာ လူမမြင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့က သာမန်လူသုံးပစ္စည်း တစ်ခုကလည်း လက်နက်ဖြစ်တယ် ဆိုတဲ့အကြောင်း ဒါကိုအကျိုးအကြောင်းခိုင်လုံမှုမရှိဘဲနဲ့ ကိုင်တယ်ဆိုလို့ ရှိရင်လည်း လက်နက်ဥပဒေနဲ့ ပြဋ္ဌာန်းနိုင်ဖို့ လိုပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ငယ်ငယ်တုန်းက ဓာတ်ဆီဓာတ်ဆန် ပြက်လုံးထဲမှာလည်း တွေ့ရပါတယ်။ ကျွန်တော်မကြောက်ပါဘူး။ ကျွန်တော် အရက်ပုလင်းကိုင်ပြီး ရဲစခန်း ရှေ့လျှောက်တော့ ရဲကမေးတယ်။ ဟေ့ ဓာတ်ဆီ မင်းဘာလို့ ပုလင်းကို ကိုင်ထားလဲဆိုတော့ ကျွန်တော်မကြောက်ပါဘူး။ ကျွန်တော်ဖြေလိုက်ပါတယ်။ ကျွန်တော်ရေနံဆီဝယ်သွားမလို့ပါ။ တစ်နည်းအားဖြင့် သာမန် လူသုံးပစ္စည်း တစ်ခုကို ဘာကြောင့်ကိုင်ထားလဲဆိုတဲ့ အချက်ဟာ ကာယကံရှင်က ပေးနိုင်ရပါမယ်။ မပေးနိုင်ဘူး ဆိုလို့ ရှိရင်လည်း ဒါဟာလက်နက်အဖြစ် ကိုင်ဆောင်တယ်လို့ အရေးယူပြဋ္ဌာန်းမှု လိုပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီဥပဒေက ဘယ်ကမြစ်ဖျားခံလဲဆိုလို့ရှိရင် အိန္ဒိယက မြစ်ဖျားခံတယ်လို့ ပြောပါတယ်။ ဒါနဲ့ပတ်သက်လို့ အင်္ဂလိပ်ခေတ်က အိန္ဒိယကို မြန်မာကိုရောနှစ်ဖက်ယှဉ်တွဲပြီး အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်အရာရှိ တစ်ယောက်က မြန်မာနဲ့ပတ်သက်လို့ ပြောတဲ့မှတ်ချက်တစ်ခုကလည်း အထင်အရှားရှိပါတယ်။

သူက ဘာပြောသလဲဆိုရင် အိန္ဒိယမှာတဲ့ ရန်ဖြစ်သံဆိုလို့ရှိရင် အသံတွေက များတယ်။ ဒါပေမဲ့ သွားကြည့်တဲ့အခါမှာ သွေးကနည်းတယ်လို့ ပြောပါတယ်။ မြန်မာနိုင်ငံမှာ အုပ်ချုပ်တဲ့အခါကျတော့

ရန်ဖြစ်သံကြားလို့ရှိရင် အသံကနည်းတယ်။ ဒါပေမဲ့တကယ်သွားကြည့်တဲ့အခါ သွေးများတယ်လို့ပြောပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့လူမျိုးရဲ့စရိုက်ကဆိုရင် ကျွန်တော်တို့ သွေးဆူလွယ်တယ်။ တစ်ခုခုဖြစ်ရင် လက်နက်ကိုမျိုးစုံသုံးပြီးတော့ ရက်ရက်စက်စက် အဆုံးစွန်ထိ လုပ်တတ်တဲ့သဘောကို အင်္ဂလိပ်ကပြခဲ့တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီဥပဒေလားရာက အိန္ဒိယက လာတယ်။ ဒါပေမဲ့ အိန္ဒိယလူမျိုးနဲ့ သူ့လူမျိုးနဲ့ သူ့စရိုက်က မှန်ပေမယ့် မြန်မာလူမျိုး မြန်မာစရိုက်နဲ့ ပတ်သက်လို့ရှိရင် ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းဖို့လိုပါတယ်ခင်ဗျား။

နောက်ပြီးတော့ အခြေအနေအရပ်တစ်ခုဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံဟာဆိုရင် ပြည်သူ့ရဲက ကူညီပါရစေဆိုပေမယ့် အခြေအနေအရ ကျွန်တော်တို့ ပြည်သူတွေက ရဲတွေကိုပြန်ပြီး ကူညီနေရတဲ့ အချိန် ဖြစ်ပါတယ်။ မှုခင်းနဲ့ပတ်သက်လို့ ရန်ကုန်မြို့က အများဆုံး ဖြစ်တယ်။ ဒါပေမဲ့ ပြည်သူနဲ့ ရဲအချိုးက (၁၃၀၀)ကိုတစ်ယောက်ပဲရှိပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတကာအချိုးထက် သုံးဆလောက် နည်းနေတဲ့ အခြေအနေရှိပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း သက်ဆိုင်ရာဝန်ကြီးကနေပြီးတော့ ချက်ချင်းတိုးဖို့ မဖြစ်နိုင်သေးဘူး။ မလွယ်ကူသေးဘူးဆိုတာ လွှတ်တော်မှာရှင်းလင်းပြောပြပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တစ်ဖက်က ဒီလိုအားနည်းချက်တွေရှိတဲ့အတွက် ကျွန်တော်တို့လက်နက်ဥပဒေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲပြဋ္ဌာန်းသင့်ပါတယ်။ သာမန်လုပ်ငန်းသုံးပစ္စည်းတွေ၊ လူသုံးပစ္စည်းတွေက လက်နက်အဖြစ်သုံးတယ်၊ ကိုင်တယ်ဆိုတာမျိုးကို ကျွန်တော်တို့က အရေးယူပြဋ္ဌာန်းဖို့လိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရအောင်ဘာလေထီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားရသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကျန်းမာရှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ရိုသေစွာ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ကျရေးကော်မတီရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော် ဥပဒေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးရတဲ့အတွက်ကြောင့် စာဖတ်ပြီး ဆွေးနွေးခွင့်ပေးဖို့တောင်းပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မှ အောင်ဘာလေ ထီရောင်းသူတို့ရဲ့တင်ပြချက်နဲ့ ကျွန်တော့်အမြင်ဆန္ဒတို့ကိုပေါင်းစပ်ပြီး အမျိုးသားလွတ်တော် ဥပဒေကြမ်းကော်မတီ၏ အစိုးရအောင်ဘာလေဥပဒေကြမ်း အပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာကို အခြေခံပြီး ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းတို့ဖြင့် ဆွေးနွေးသွားပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ ထီရုံထောင်ခြင်းကို တားမြစ်ခြင်းနဲ့ ဖောက်ဖျက်ပါက အပြစ်ပေးတာကို ကျွန်တော် ထောက်ခံပါတယ်။ အောင်ဘာလေထီကို ကံစမ်းမဲအဖြစ်မှ လောင်းကစားအဖြစ်သို့ပြောင်းလဲနိုင်ပြီး အခွန်ရှောင်တဲ့အဖြစ်ကိုလည်း ရောက်သွားနိုင်တဲ့အတွက်ကြောင့် ဒီတင်ပြချက်ကို ကျွန်တော်ထောက်ခံပါတယ်။

ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အပိုဒ် ၂ အပိုဒ်ခွဲ (ခ)မှာ လောင်းကစားဥပဒေ ပုဒ်မ ၂ (က)တွင် လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် ပါဝင်ပြီး ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးတန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် ပြောင်းလဲ သတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက် လည်းကောင်း၊ အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ လောင်းကစားခြင်းကိုဆိုလိုသည်ဟု ပြဋ္ဌာန်းထားတာကို တင်ပြထားပြီးတော့ အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)မှာ ဥပဒေကြမ်းကော်မတီက အစိုးရ အောင်ဘာလေထီသည် ကံစမ်းကစားခြင်းဖြစ်၍ လောင်းကစားခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်ဟု ယူဆတယ်လို့ စိစစ်သုံးသပ်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအောင်ဘာလေထီကို အများပြည်သူတို့က လောင်းကစားခြင်း ပုံစံမျိုးဖြင့် ထိုးကြတာမဟုတ်ဘဲ ကံစမ်းမဲကောက်ကြတဲ့သဘောနဲ့ ထီထိုးကြပါတယ်။ ကံစမ်းလိုသူပြည်သူတို့က ကံစမ်းပြီး နိုင်ငံတော်ဘဏ္ဍာအဖြစ် အကောက်အခွန် များစွာရပါတယ်။ အောင်ဘာလေ အစိုးရထီကြောင့် လောင်းကစားဝိုင်းမှာလို အကြီးအကျယ် ဘဝပျက်အောင် ဆုံးရှုံးမှုမျိုး ဖြစ်ခဲ့တာ မတွေ့ခဲ့ရပါ။ ဒါ့အပြင် ဘုရားပွဲတော်များ အထိမ်းအမှတ်ပွဲတော်များမှာလည်း ကံစမ်းမဲရောင်းပြီး ရန်ပုံငွေ ရှာကြပါတယ်။ ကံစမ်းမဲရဲ့ အကျိုးတရားက ဘာလဲဆိုတော့ အစိုးရအတွက် သို့မဟုတ် အဖွဲ့အစည်းအတွက် ကံစမ်းမဲမှရတဲ့ ရန်ပုံငွေကိုရတယ်။ ကံစမ်းမဲပေါက်ရာမှာ များများပေါက်လျှင် များများအကျိုးရှိပြီး နည်းနည်းပေါက်လျှင် နည်းနည်းအကျိုးရှိပါတယ်။ ကံစမ်းမဲမပေါက်လျှင်လည်း ထိခိုက်နစ်နာမှု ကြီးကြီးမားမား ဘာမှမရှိပါဘူး။ ဒါကြောင့် အစိုးရအောင်ဘာလေထီဟာ ကံစမ်းမဲဖောက်သည့်သဘောဖြစ်သည့် အတွက်ကြောင့် လောင်းကစားခြင်းဥပဒေနှင့် မငြိစွန်းဘူးလို့ ကျွန်တော် တင်ပြလိုပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)မှာ Electronic ထီ လုပ်ငန်းကို ပုဂ္ဂလိကအား အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ပေးခြင်းသည် လောင်းကစားရုံ ထောင်ခွင့်ပေးခြင်းသာဖြစ်၍ ခွင့်ပြုရန်မသင့်ဆိုသည့်အချက်ကို ကျွန်တော်ထောက်ခံပါတယ်။ Electronic ထီလုပ်ငန်းကို ပုဂ္ဂလိကအားပေးခြင်းအားဖြင့် အောင်ဘာလေထီကို လောင်းကစားပုံစံအဖြစ် အသုံးချပြီး အမြတ်ရှာကြပါတယ်။ ကံစမ်းမဲအဖြစ်ရှိနေတဲ့ အောင်ဘာလေထီကို လောင်းကစားအဖြစ် အသုံးချရန် Permit ပေးလိုက်တဲ့သဘောရောက်ပါတယ်။ Permit စနစ်ဟာ Permit ပေးသူနဲ့ Permit ရသူတို့အတွက် အများကြီး အကျိုးရှိပြီးတော့ တိုင်းပြည်နဲ့ ပြည်သူတို့အတွက် အကျိုးသိပ်မရှိတဲ့စနစ်တစ်ခု ဖြစ်ပါတယ်။ မသုံးသင့်တော့ပါ။ ဒါကြောင့်ဒီအချက်မှာ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်ကို ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)မှာ ထီရုံထောင်ခြင်းနဲ့ ကံစမ်းကစားခြင်းကို လောင်းကစားခြင်း ဥပဒေအရ လောင်းကစားခြင်းဟု သတ်မှတ်သော်လည်း အစိုးရ အောင်ဘာလေထီသည် ကံစမ်းမဲ ဖောက်သည့်သဘောသာဖြစ်၍ လောင်းကစားခြင်း ဥပဒေနှင့် မငြိစွန်းတဲ့အတွက် ဤဥပဒေကို ပြဋ္ဌာန်းမသင့် ဟု ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ကျွန်တော် ကန့်ကွက်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(စ)မှာ အခြေခံဥပဒေအရ စျေးကွက်၊ စီးပွားရေးအရလည်းကောင်း၊ အခြေအနေအရ လည်းကောင်း ထီလက်မှတ်တန်ဖိုးတက်ခြင်း၊ ပုံမှန်ဖြစ်ခြင်းရှိနိုင်မည်ဟု သုံးသပ်တာကို ကျွန်တော်ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အရ အပိုဒ်(၂) အပိုဒ်ခွဲ(ဆ)မှာ ဥပဒေကြမ်း၏ အပိုဒ်(၂၄)နဲ့ (၂၇)တို့တွင် ဖောက်ဖျက်ကျူးလွန်သူတို့ ငွေဒဏ်ကျပ်သိန်း (၃၀)မှ ကျပ်သိန်း(၅၀)ချမှတ်နိုင်သည် ဆိုသည့်အချက်ကို ကျွန်တော်ကန့်ကွက်တဲ့ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားကို ကျွန်တော်ထောက်ခံပါတယ်။ ဒီပုဒ်မအရ ထီလက်မှတ်ရောင်းချသူများမှာ အများအားဖြင့် မသန်စွမ်းသူဖြစ်သော စစ်မှုထမ်းဟောင်းများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ တွန်းလှည်းဖြင့် သွားလာပြီး ထီရောင်းနေတဲ့ မသန်စွမ်းသူများ၊ အမြင်အာရုံချို့တဲ့သူများ၊ အလုပ်လက်မဲ့ ဆင်းရဲသူ၊ ဆင်းရဲသားများတို့ ဖြစ်ကြပါတယ်။ တစ်နေ့ဝင်ငွေ (၂၀၀၀)ကျပ် ပတ်ဝန်းကျင်မျှသာ ရှိတဲ့အတွက် ဒဏ်ငွေကျပ်သိန်း(၃၀)ကနေ (၅၀)ပေးဆောင်ရမည်ဆိုတဲ့ ပုဒ်မကြောင့် သူတို့သူတို့တွေ အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခရောက်တာ ထီလက်မှတ်ပွေ့ရောင်းသူ အင်အားကျဆင်းသည်နှင့်အမျှ ထီရောင်းချရင်ငွေကျဆင်းပြီး အစိုးရမှရရှိမည့် အခွန်အကောက်လည်း ကျဆင်းလာပါမည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေကို ရှာဖွေပေးနေတဲ့ အောင်ဘာလေထီလုပ်ငန်းကြီးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေတဲ့ ထီလက်မှတ်ရောင်းသူတို့အား ဒီလိုကြီးလေးတဲ့ အပြစ်ပေးတာ ခေတ်အဆက်ဆက်၊ အစိုးရ အဆက်ဆက်မှာ လုံးဝမရှိခဲ့ဖူးပါ။ ဤပုဒ်မကြောင့် အောင်ဘာလေထီလက်မှတ် အရောင်းအားကျပြီး ဘဏ္ဍာငွေကျဆင်းမယ်၊ အလုပ်လက်မဲ့များလာမယ်။ ဘဏ္ဍာငွေလုံးဝမဖြစ်စေတဲ့ ဥပဒေအရ မနှိမ်နင်းနိုင်မယ့် ထိုင်းနိုင်ငံမှ နှစ်လုံး၊ သုံးလုံးထီများ၊ ဘောလုံးကစားပွဲများ ပိုမိုကြီးထွားလာနိုင်မယ်လို့ အစိုးရအောင်ဘာလေလက်မှတ် ပွေ့ရောင်းသူများက ကျွန်တော့်ဆီ တင်ပြထားဖူးပါတယ်။

ဒါကြောင့် အစိုးရအောင်ဘာလေထီကို လက်ပွေ့ရောင်းသူများကို မထိခိုက်စေတဲ့ ဥပဒေကိုသာ ပြုသင့်ပါတယ်။ ဒါကြောင့် ပုဒ်မ (၂၄)နဲ့ (၂၇)ကို အောင်ဘာလေလက်မှတ်ကို လက်ဝါးကြီးအုပ်ပြီး စျေးတင်ရောင်းသူတို့ကိုသာ အပြစ်ပေးသည့်ဥပဒေကိုသာပြုသင့်ပါတယ်။ ပြင်ဆင်ပြုသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုအာဏာကို ကျင့်သုံးသော လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးသော အစိုးရအဖွဲ့၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးသော တရားလွှတ်တော်များတို့ဟာ သက်တမ်းကုန်ဆုံးတဲ့ အချိန်အထိ မိမိတို့ရဲ့ သက်ဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်လို့ ဤပထမအကြိမ် အမျိုးသားလွှတ်တော်ရက်၊ ပထမအကြိမ်လွှတ်တော်ရဲ့ ကျန်ရှိတဲ့ သက်တမ်းကာလမှာ မပြီးပြတ်သေးတဲ့ ကျန်ရှိနေတဲ့ဥပဒေများကို ပြီးပြတ်အောင် ဥပဒေပြုခြင်းဟာ ပြည်သူတို့အပ်နှင်းထားသော ဥပဒေပြုအာဏာကို ပြီးဆုံးတဲ့အထိ ထမ်းဆောင်တယ်လို့ အဓိပ္ပာယ်သက်ရောက်တဲ့အတွက် ပထမအကြိမ်လွှတ်တော်သက်တမ်းကုန်ဆုံးတဲ့ အချိန်အထိ ဤလွှတ်တော်က ဥပဒေပြုလုပ်ငန်း ဆက်လက်ဆောင်ရွက်

တာ မှန်ကန်သင့်မြတ်ပါတယ်လို့ ဆွေးနွေးထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျာ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာဗညားအောင်မိုး ရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စက်မှုလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စက်မှုလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထားသော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားသူမရှိပါ။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှပညာရှင်များ၊ စက်မှုဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးရာတွင် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟူသော အမည်ဖြင့် ဥပဒေကြမ်းအသစ်တစ်ရပ်ကို သက်ဆိုင်ရာဝန်ကြီးဌာနအား တာဝန်ပေးရေးဆွဲ တင်ပြစေသင့်သဖြင့် စက်မှုလုပ်ငန်း ဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မသင့်ဘဲ ဆိုင်းငံ့ထားရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း အသစ်တစ်ရပ် ရေးဆွဲတင်ပြစေရေးအတွက် အကျိုးအကြောင်း ပြည့်စုံစွာ ဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့သွားရန် လိုအပ်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေကြမ်းအသစ် ရေးဆွဲရေးကိစ္စကို အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း အသစ်ရေးဆွဲရေးကိစ္စကို အကျိုးအကြောင်း ဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမယ့် ကိစ္စလေးတွေကို မြန်မြန် ပြီးပြတ်အောင် လုပ်ပါ။ ဒါမှမဟုတ် Agenda မရှိဘူး ဖြစ်နေမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]